၃/၁၂/၂၀၀၂

လွှတ်လပ်သော မွန်သတင်းအေဂျင်စီ

ဟံသာဝတီပြန်လည်ထူထောင်ရေးပါတီ တပ်ရင်း အမှတ် (၇) ဗိုလ်မှူးနှင့်စစ်သားများ မိခင်ပါတီ (မွန်ပြည်သစ်ပါတီ) သို့ ပြန်လည်ဝင်ရောက်ပူးပေါင်း

မနေ့က မွန်းလွဲ ၁ နာရီခွဲလောက်တွင် ဟံသာဝတီပြန်လည်ထူထောင်ရေးပါတီ တပ်ရင်း အမှတ် (၇) မှ စစ်သားများနှင့် ဗိုလ်မှူးသည် မိခင်ပါတီ မွန်ပြည်သစ်ပါတီ၏ စစ်ကြောင်း (၂) ထံတွင် လက်နက်အပြည့်အစုံနှင့် ပြန်လည်ဝင်ရောက်ပူးပေါင်းလာပြီး၊ ဒီကနေ့တွင် မွန်ပြည်သစ်ပါတီ ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ်အောင်နိုင်က သွားရောက်ကြိုဆိုခဲ့ပါသည်။

ဗိုလ်မှူး ဗလိုင်စွန်း ဦးဆောင်သည့် ဟံသာဝတီ ပြန်လည်ထူထောင်ရေးပါတီ တပ်ရင်း အမှတ် (၇) သည် အချိန်အတော်ကြာ မွန်ပြည်သစ်ပါတီနှင့် လျှို့ဝှက်ဆွေးနွေးနေကြပြီး မနေ့ကပဲ ဘုရားသုံးဆူမြို့နယ် တဒုံကျေးရွာတွင် မွန်ပြည်သစ်ပါတီ ဗိုလ်မှူးဉာဏ်ထွန်း ဦးဆောင်သော စစ်ကြောင်းထံ၌ စစ်သား ၂၂ ယောက်နှင့်အတူ ပြန်လည်ဝင်ရောက်ပူးပေါင်းခဲ့ပါသည်။

ရန်သူကို တိုက်ခိုက်ချင်ဇောနှင့် ဗိုလ်မှူးကြီးနိုင်ပန်းညွန့် ခွဲထွက်သောအချိန်တွင် ပါဝင်ခဲ့သော ဗိုလ်မှူးဗလိုင်စွန်းသည် ဘုရားသုံးဆူဒေသတွင် လှုပ်ရှားနေပြီး ဟံသာဝတီပါတီနှင့် မွန်ပြည်သစ်ပါတီ တင်းမာမှုဖြစ်နေချိန်တွင် ဗိုလ်မှူးနိုင်ဉာဏ်ထွန်းမှ လျှို့ဝှက်စွာ သွားရောက်စည်းရုံးဆွေးနွေးပြီး မွန်ပြည်သစ်ပါတီတွင် ပြန်လည်ပူးပေါင်းလာခဲ့ကြောင်း ဗိုလ်မှူးဉာဏ်ထွန်းမှ လွှတ်လပ်သော မွန်သတင်းအေဂျင်စီကို ဒီကနေ့ကြိုဆိုပွဲတွင် ပြောခဲ့ပါသည်။

ဗိုလ်မှူးဉာဏ်ထွန်းမှလည်း မွန်အချင်းချင်း ပစ်ခတ်မှုကို မလိုလားချင်၍လည်းကောင်း၊ အစိတ်စိတ်အမွှာမွှာ ကွဲရတော့မည့်အခြေအနေတွင် ရှိနေသော ဟံသာဝတီပါတီစစ်သားများကို ရန်သူလက်ထဲမရောက်ဖို့ရန်နှင့် မိမိစစ်ကြောင်းလှုပ်ရှားရာဒေသမှရှိသည့် တချိန်က မိမိနှင့်ရဲဘော်ရဲဖက်ဖြစ်သော နိုင်ဗလိုင်စွန်းဦးဆောင်သောတပ်ရင်းကို အသက်စွန့်ပြီး သွားရောက်ကာ စည်းရုံးခဲ့သည့်အတွက် အခုလို အမြင်မှန်ရလာသည့် စစ်သားနှင့်အတူ မွန်ပြည်သစ်ပါတီတွင် ပြန်လာခဲ့သည်ဟု နိုင်ဉာဏ်ထွန်းက ဆက်လက်ပြောပြခဲ့ပါသည်။

နိုင်ဗလိုင်စွန်းကလည်း မိမိသည် ရန်သူကို တိုက်ချင်ဇောနှင့် ခွဲထွက်ခဲ့သည့်အမှားကို ကြိုဆိုပွဲမှာ ဝန်ခံပြောကြားခဲ့ပါသည်။

ပြန်ရောက်ရှိလာသော စစ်သားများကိုလည်း ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ်အောင်နိုင်က လှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီး သူတို့တွင်အပြစ်မရှိ၊ သူတို့ကို အမိန့်ပေးခေါ်ဆောင်သွားသော သူတွင်သာ အပြစ်ရှိပြီး၊ ပြန်လာသူများကို မွန်ပြည်သစ်ပါတီတွင် သူတို့နှင့်ညီညွတ်ရာတာဝန်များကို အရင်ကအတိုင်း တာဝန်ပေးသွားမည်ဖြစ်ကြောင်း ကြိုဆိုပွဲတွင် ပြောခဲ့ပါသည်။ မွန်ပြည်သစ်ပါတီကို ပြန်လာပါ။ မွန်ပြည်သစ်ပါတီမှ ပြန်လာသည့်စစ်သားများကို အပြစ်ဒဏ်ခတ်မည်မှာမဟုတ်၊ လှိုက်လှိုက်လှဲလှဲနှင့် ကြိုဆိုနေမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါသည်။

ဘုရားသုံးဆူဒေသတွင် လှုပ်ရှားနေသော ဟံသာဝတီပြည်လည်ထူထောင်ရေးပါတီ တပ်ရင်း မွန်ပြည်သစ်ပါတီတွင် ပြန်လည်ဝင်ရောက်ပူးပေါင်းသည့်အတွက် ဘုရားသုံးဆူဒေသတွင်ရှိသော မွန်ပြည်သူများနှင့် ၄င်းဒေသတွင် လှုပ်ရှားသွားလာနေသော မွန်ပြည်သစ်ပါတီမှအရာရှိများ ဝမ်းသာနေကြပါသည်။

ဟံသာဝတီပြန်လည်ထူထောင်ရေးပါတီမှလည်း ဒီဘုရားသုံးဆူဒေသတွင် လှုပ်ရှားနိုင်မည့် အင်းအားမရှိ၍ လာမည့်နွေရာသီ သံဖြူဇရပ်–သုံးဆူကားလမ်းအတွက် ပြည်သူများသွားလာရေးအတွက် စိတ်အေးနိုင်တော့မည်ဖြစ်၍ ဝမ်းသာနေကြပါသည်။

ဟံသာဝတီပြန်လည်ထူထောင်ရေးပါတီလည်း ပါတီအတွင်းတွင် အမြင်ကွဲလွဲမှုကြောင့် ပါတီအတွင်းတွင် ထိန်းချုပ်နိုင်သည့်အနေထား မရှိပေ။